# ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် Relief Flight နှင့်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအတွက် အသွားအလာကန့်သတ်မှုနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ် (၁-၅-၂၀၂၂)

မှတ်ချက်။ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် Relief Flight များတွင်နိုင်ငံခြားသားခရီးသည်များအား လိုက်ပါ ခွင့်ပြုမည် မဟုတ်ပါ။

## ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူများတွင် ဆောင်ရွက်မည့်အစီအစဉ်

၁။ မြန်မာနိုင်ငံသို့ မလာရောက်မီ လွန်ခဲ့သော(၁၄)ရက်ကျော်က ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် အောက်ပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးကြောင်း ကာကွယ်ဆေးထိုး အထောက်အထားလက်မှတ် ပြသနိုင်ရမည် -

- CoronaVac (Sinovac Biotech Ltd.);
- AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea)/Siam BioScience/ Serum Institute of India (SII));
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech);
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson);
- Moderna (ModernaTX, Inc.,);
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd);
- Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology);
- Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Covaxin by Bharat Biotech; and
- Myancopharm by Ministry of Industry, Myanmar.
- Nuvaxovid (NVX-CoV2373) vaccine, Novavax Co.Ltd

[အသက် (၁၂) နှစ်အောက် ကလေးများအနေဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသည့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူနှင့်အတူ ခရီးသွားခြင်းဖြစ်ပါက ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ သက်သေခံလက်မှတ်တွင် ကာကွယ်ဆေးအမည်၊ ထိုးနှံသည့်နိုင်ငံနှင့်ရက်စွဲများကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူအင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့် ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့် ဖြစ်စေ ရှင်းလင်းတိကျစွာ ဖော်ပြရမည်။]

၂။ မြန်မာနိုင်ငံသို့ဝင်ရောက်သည့် ဝင်/ထွက်ဂိတ်များတွင် ကျန်းမာရေးကြေညာချက် (Health Declaration card) အား သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံပြသရန်၊

၃။ သက်ဆိုင်ရာကျန်းမာရေးအရာရှိမှ ခရီးသည်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများအား လက်ခံဆောင်ရွက်ရန်၊

၄။ ကိုယ်အပူချိန် မြင့်တက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ တွေ့ရှိသည့် ခရီးသည်များအား သီးခြားထားရှိပြီးကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထား သည့် ဆေးရုံများသို့ လွှဲပြောင်းပို့ဆောင်ရန်၊

၅။ သတ်မှတ်Quarantine Center (သို့မဟုတ်) သတ်မှတ် Hotel များတွင် အသွားအလာ ကန့်သတ်ခြင်း(၃)ရက်ဆောင်ရွက်ရန်၊

၆။ မြန်မာနိုင်ငံသို့ရောက်ရှိပြီး (၂)ရက်မြောက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ RT-PCR နည်းဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည်ဖြစ်ပါသည်။

၇။ ကိုဗစ်-၁၉ ရောဂါတွေ့ရှိသည့် ခရီးသွားများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများ ထားရှိသည့် ဆေးရုံ/ကုသရေးစင်တာ/ဟိုတယ်များသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံ (သို့မဟုတ်) သတ်မှတ်ဟိုတယ်များတွင် ကျန်းမာရေး စောင့်ရှောက်မှုခံယူမည်ဆိုပါက ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည် ဖြစ်ပါသည်။

## ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများတွင် ဆောင်ရွက်မည့်အစီအစဉ်

၁။ မြန်မာနိုင်ငံသို့ဝင်ရောက်သည့်လေဆိပ်နှင့် ဝင်/ထွက်ဂိတ်များတွင် ကျန်းမာရေး ကြေညာချက် (Health Declaration card) အား သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံ ပြသရန်၊

၂။ သက်ဆိုင်ရာ ကျန်းမာရေးအရာရှိမှ ခရီးသည်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများအား လက်ခံဆောင်ရွက်ရန်၊

၃။ ကိုယ်အပူချိန် မြင့်တက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ တွေ့ရှိသည့် ခရီးသည်များအား သီးခြားထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်းပို့ဆောင်ရန်၊

၄။ သတ်မှတ် Quarantine Center (သို့မဟုတ်) သတ်မှတ် Hotel များ တွင် အသွားအလာကန့်သတ်ခြင်း(၅)ရက် ဆောင်ရွက်ရန်၊

၅။ မြန်မာနိုင်ငံသို့ရောက်ရှိပြီး(၁)ရက်မြောက်နေ့တွင် RDT ဖြင့်လည်းကောင်း၊ (၄) ရက်မြောက်နေ့တွင် RT-PCR နည်းဖြင့်လည်းကောင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည်ဖြစ်ပါသည်။

၆။ ကိုဗစ်-၁၉ ရောဂါတွေ့ရှိသည့် ခရီးသွားများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ် ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများထားရှိသည့် ဆေးရုံ/ကုသရေးစင်တာ/ဟိုတယ်များသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံ (သို့မဟုတ်) သတ်မှတ်ဟိုတယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူမည်ဆိုပါက ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည် ဖြစ်ပါသည်။